# မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား

မြန်မာနိုင်ငံတွင် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှု ကျူးလွန်သူများကို တရားစီရင်နိုင်ရန် လိုအပ်သော အထောက်အထားများ စုဆောင်းခြင်း



## မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သောစုံစမ်း စစ်ဆေးမှုယန္တရား ဆိုတာ ဘာလဲ။

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM သို့မဟုတ် ယန္တရား) သည် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက တည်ထောင်သော ကုလသမဂ္ဂ အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ယန္တရားသည် သမာသမတ်ကျပြီး လွတ်လပ်စွာဖြင့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးသည်။ ကျူးလွန်သူ သို့မဟုတ် ထိခိုက်နစ်နာသူများ၏ လူမျိုးနှင့် ပတ်သက်ဆက်နွယ်မှုများကို မခွဲခြားဘဲ၊ ၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံနေရာအနှံ့တွင် ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လူမျိုးပြုန်းစေမှုများကို စုံစမ်းစစ်ဆေးသည်။

မြန်မာနိုင်ငံရှိ အကြီးလေးဆုံးသော နိုင်ငံတကာရာဇဝတ်မှုကျူးလွန်သူများအား တနေ့တွင် တရားစီရင်နိုင်ရန်အတွက် ယန္တရား၏ လုပ်ငန်းသည် အရေးကြီးသည်။

## ယန္တရားက ဘာလုပ်သလဲ။

ယန္တရားသည် မြန်မာနိုင်ငံတွင်ဖြစ်ပွားသည့် အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုများအတွက် တာဝန်အရှိဆုံး ပုဂ္ဂိုလ်များအား ရာဇဝတ်မှုဆိုင်ရာတရားစွဲဆိုမှုများဆောင်ရွက်ရာတွင် ပံ့ပိုးနိုင်ရန် အထောက်အထားများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းများ လုပ်ဆောင်သည်။ အနာဂတ်အမှုစစ်ဆေးစီရင်မှုများ၏ အောင်မြင်မှုသည် အထောက်အထားများ မပျောက်ဆုံးမီ သို့မဟုတ် မပျက်စီးမီ စုဆောင်းထိန်းသိမ်းနိုင်ခြင်းနှင့် အချက်အလက်များမဟောင်းသွားမီ သက်သေထွက်ဆိုချက်များကို မှတ်တမ်းတင်နိုင်ခြင်းအပေါ်တွင် မူတည်သည်။

ထို့နောက် ယန္တရားသည် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာတရားရုံးများရှိ တရားစွဲဆိုမှုများတွင် အသုံးပြုနိုင်သော အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို သက်ဆိုင်ရာအာဏာပိုင်များထံ မျှဝေသည်။ ရိုဟင်ဂျာများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာရာဇဝတ်ခုံရုံး၊ နိုင်ငံတကာတရားရုံး နှင့် အာဂျင်တီးနားတရားရုံးတို့တွင် လက်ရှိတရားစွဲဆိုလျက်ရှိသော အမှုများအတွက် အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို မျှဝေပေးလျက်ရှိသည်။

ယန္တရားသည် တစ်စုံတစ်ယောက်အား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် အမှုစစ်ဆေးခြင်းများ လုပ်ဆောင်ခွင့် မရှိပါ။

## ယန္တရားထံ အချက်အလက်များ ဘယ်လိုမျှဝေနိုင်မလဲ။

လျှို့ဝှက်ကုဒ်အသွင်ပြောင်းထားသည့် ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သော Signal သို့မဟုတ် Proton Mail များ မှတဆင့် **ယန္တရားထံ လုံခြုံစွာ ဆက်သွယ်** နိုင်ပါသည်။

**signal.org** တွင် Signal အက်ပ်ကို ထည့်သွင်းပြီး +41 76 691 1208 သို့ မက်ဆေ့ချ် ပို့ပါ။ သို့မဟုတ် **proton.me** တွင် အခမဲ့ Proton မေးလ်အကောင့်တစ်ခု ဖန်တီးပြီး၊ ဤလိပ်စာသို့ အီးမေးလ် ပို့ပါ - **contact@myanmar-mechanism.org**.

သင်၏ လုံခြုံရေးနှင့် ပုဂ္ဂိုလ်ရေးရာအချက်အလက်များကို ကာကွယ်ရေးသည် ယန္တရား၏ အဓိကဦးစားပေးဖြစ်သည်။ ယန္တရားသည် သင်ပေးပို့သော သတင်းအချက်အလက်များ သို့မဟုတ် ကိုယ်ရေးအချက်အလက်များကို သင်၏ခွင့်ပြုချက်မရှိဘဲ မျှဝေမည်မဟုတ်ပါ။